# စစ်အာဏာရှင် အချင်းချင်း အသင်းအပင်း ပြုခြင်း

မြန်မာစစ်တပ်ကိုထောက်ကူပေးနေသည့်
ထိုင်းစစ်အုပ်စု

ဩဂုတ်လ ၂၀၂၃

Thailand for Burma
မြန်မာပြည်သူများအတွက် ထိုင်းပြည်သူများ
မှထုတ်ဝေသည်။



Thailand for Burma

**မြန်မာပြည်သူများအတွက် ထိုင်းပြည်သူများ မှထုတ်ဝေသည်။**

# မိတ်ဆက်

ဤအကျဉ်းချုပ်အစီရင်ခံစာတွင် ထိုင်းအစိုးရ၏ အာဏာသိမ်း မြန်မာစစ်အုပ်စုနှင့် ထိစပ်ဆောင်ရွက်မှုများကို Thailand for Burma က စုစည်းဖော်ပြထားပါသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့ အာဏာသိမ်းရန် ကြိုးပမ်းချိန်မှ စတင်ပြီး မြန်မာအရေးနှင့် စပ်လျဉ်း၍ ထိုင်းအစိုးရ၏ ဒေသတွင်းအဆင့် သံတမန်ရေး ကြိုးပမ်းမှုများကိုလည်း စုစည်းထားပါသည်။ မြန်မာ့နိုင်ငံရေးအကျပ် အတည်းနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံ၏ အလုပ်မဖြစ်သော၊ ကမောက်ကမနိုင်သော ချဉ်းကပ်မှုကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်းက မှတ်တမ်းများဖြင့် မီးမောင်းထိုးပြထားပါသည်။






# ထိုင်းနိုင်ငံ၏ ကမောက်ကမနိုင်သော ချဉ်းကပ်မှု

မြန်မာနိုင်ငံနှင့် စီးပွားရေးနှင့် လူမှုရေးအရ အများဆုံးဆက်စပ်နေသော အိမ်နီးချင်းဖြစ်သည့် ထိုင်းနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းမှု စတင်ချိန်မှ စ၍ အာဏာသိမ်းမြန်မာစစ်အုပ်စုနှင့် စပ်လျဉ်း၍ အခြေအနေကြည့် တုံ့ပြန်သည့် မူဝါဒများ ချမှတ်ဆောင်ရွက်ခဲ့သည်။ အဆိုပါ မူဝါဒများအနေဖြင့် မြန်မာပြည်သူများ၏ စုပေါင်းဆန္ဒကို လေးစားထင်ဟပ်မှု ရှိ၊ မရှိ၊ မြန်မာပြည်၏ အကျပ်အတည်းကို ဖြေရှင်းရာတွင် အကူအညီဖြစ်၊ မဖြစ်နှင့် ထိုင်းနိုင်ငံကိုယ်တိုင်၏ ဒီမိုကရေစီမူများ၊ နိုင်ငံတကာဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ ဆိုသည့်အပေါ် အများပြည်သူရှေ့တွင် အပြန်အလှန်ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေရန် အရေးကြီးပါသည်။ အဆိုပါကိစ္စရပ်များအပေါ် သိနားလည်မှုနှင့် ဆွေးနွေးငြင်းခုန်မှုများသည် ၂၀၂၃ ခုနှစ်၊ မေလ ရွေးကောက်ပွဲများအလွန် ၄င်းတို့နိုင်ငံ၏ အစိုးရသစ် အပြောင်းအလဲနှင့် အစိုးရသစ်၏ မြန်မာအရေးမူဝါဒကို စောင့်ကြည့်နေကြသည့် ထိုင်းပြည်သူများအတွက်လည်း အရေးကြီးပါသည်။

အာဏာသိမ်းမှု စတင်ချိန်မှစ၍ အာဏာသိမ်းမြန်မာစစ်အုပ်စုကို တရားဝင်အစိုးရအဖြစ် အသိအမှတ်မပြုရန်နှင့် အာဆီယံအစည်းအဝေးများကဲ့သို့ တရားဝင်ဆွေးနွေးမှုများသို့ ဖိတ်ခေါ် ခြင်းမပြုရန် ဒီမိုကရေစီအရေးလှုပ်ရှားဆောင်ရွက်နေကြသည့် အစုအဖွဲ့များ၊ အမျိုးသားညီညွတ်ရေးအစိုးရနှင့် မြန်မာပြည်သူများက အကြိမ် က ြိမ်အဖန်ဖန် တောင်းဆိုနေသည့်ကြားမှပင် ထိုင်းနိုင်ငံအနေဖြင့် အာဏာသိမ်းမြန်မာစစ်အုပ်စုနှင့် ထိတွေ့မှုများ ဆက်လက်လုပ်ဆောင်နေခဲ့သည်။ အာဆီယံ၏ "ဘုံသဘောတူညီချက်ငါးရပ်" ချဉ်းကပ်မှုသည် အောင်မြင်မှုမရှိပြားသော်လည်း အာဆီယံအနေဖြင့် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် အနည်းဆုံးအားဖြင့် အာဏာသိမ်းစစ်အုပ်စုကို အဆင့်မြင့်အစည်းအဝေးများသို့ တက်ရောက်ခွင့်မပြုခြင်းအားဖြင့် ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့သည်။ သို့ရာတွင် ထိုင်းနိုင်ငံအနေဖြင့် ၄င်းတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးဆိုင်ရာ အကျိုးစီးပွားများအတွက် အာဏာသိမ်းမြန်မာစစ်အုပ်စုနှင့် စဉ်ဆက်မပြတ် ထိတွေ့မှုများ လုပ်ဆောင်ခြင်းဖြင့် အာဆီယံ၏ သဘောတူညီချက်ကို တစ်နိုင်ငံတည်းအားဖြင့် အရေးမစိုက်ပြုခဲ့သည်။

မြန်မာ အရပ်ဖက်အဖွဲ့အစည်းများနှင့် ဒီမိုကရက်တစ် အင်အားစုများအနေဖြင့် အာဆီယံ၏ အောင်မြင်မှုမရှိသည့် ဘုံသဘောတူညီချက်ငါးရပ်အပေါ် စတင်မိတ်ဆက်ချိန်မှစ၍ ယုံကြည်မှု မရှိသလောက် ဖြစ်ခဲ့သည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာပြည်အား တည်ငြိမ်မှု ရရှိစေရေး သံတမန်ရေးအရ ဆောင်ရွက်မှုများ မလုပ်ဆောင်မီ မြန်မာစစ်အုပ်စုအား တားဆီးနိုင်ရေး ဦးစွာ ကူညီလုပ်ဆောင်ရမည်ဖြစ်ကြောင်း  မြန်မာပြည်သူများက ရှင်းလင်းစွာဖော်ပြထားပြီး ဖြစ်သည်။ အာဆီယံ ဘုံသဘောတူညီချက်ငါးရပ်ကလည်း အာဏာသိမ်းမြန်မာစစ်အုပ်စုအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်မှုများ ရပ်တန့်ရန် တောင်းဆိုထားသည်။ သို့ရာတွင် ထိုင်းနိုင်ငံအနေဖြင့် ယင်းသို့သော မြန်မာပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်နေသူများနှင့် နီးကပ်စွာ ဆက်လက်ဆက်ဆံနေပြီး ထိုသို့လုပ်ဆောင်မှုများက မြန်မာစစ်အာဏာရှင်များအနေဖြင့် ၎င်းတို့၏ ပြစ်မှုများအတွက် တရားမျှတမှုခံယူရခြင်း မရှိစေရန် အကူအညီပေးနေသကဲ့သို့ ဖြစ်နေသည်။ မကြာသေးခင်ကမှ ထိုင်းနိုင်ငံက စီစဉ်သည့် အစည်းအဝေးတွင် အခြားအာဆီယံနိုင်ငံများ ကန့်ကွက်နေသည့်ကြားမှ အာဏာသိမ်းမြန်မာစစ်အုပ်စုအား ဖိတ်ခေါ်ပါဝင်စေခဲ့ခြင်းသည် မြန်မာစစ်တပ်၏ တရားမဝင်အုပ်ချုပ်ရေးအဖွဲ့အပေါ် ထိုင်းနိုင်ငံ၏ အခြေအနေကြည့် ဆက်ဆံသည့်မူဝါဒကိုဖော်ပြနေသည့် နောက်ဆုံးသာဓကပင် ဖြစ်သည်။

အာဆီယံ၏ ဘုံသဘောတူညီချက်ငါးရပ်အပေါ် ဆုံချက်ထားရှိထားခြင်းက နိုင်ငံတကာအသိုင်းအဝိုင်းအား မြန်မာပြည်သူများ၏ လွတ်လပ်မှုနှင့် ဒီမိုကရေစီတို့ တည်ရှိသည့် အနာဂတ်သစ် မျှော်ရည်ချက်များကို မျက်ကွယ်ပြုရာ ရောက်စေသည်။ ၂၀၁၀ ပြည့်လွန်နှစ်များတွင် စတင်ခဲ့ပြီး ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနှင့်အတူ နိဂုံးချုပ်သွားသည့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု အမည်ခံ ဖြစ်စဉ်တစ်ရပ်လုံး၏ ချို့ယွင်းဖောက်ပြန်မှုများကို လေ့လာမှုများစွာက ဖော်ထုတ်ပြသပြီး ဖြစ်သည်။ မြန်မာသည် ဒီမိုကရေစီနိုင်ငံတစ်ခု မဖြစ်ခဲ့ပါ။ စစ်တပ်၏ ဆက်လက်စိုးမိုးထားမှုက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိုင်းသားပေါ်လွင်ပြီး ဖြစ်သည်။ ထို့ကြောင့် မြန်မာပြည်တွင် “ဒီမိုကရေစီပြန်လည်ရရှိရေး” ဆိုသည့် သံတမန်အသုံးအနှုန်းသည် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းနှင့် လက်တွေ့မြေပြင်အခြေအနေကို သိသာစွာပင် မျက်ကွယ်ပြုထားကြောင်း ဖော်ပြနေသည်။ မြန်မာပြည်သူများအနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံ နှင့် စစ်တပ်က တစ်စိတ်တပိုင်း ထိန်းချုပ်ထားသော အခြေအနေသို့ နောက်ပြန်လှည့်မည် မဟုတ်။ ယင်းသို့သော အခြေအနေ ပြန်လည်ဖြစ်ပေါ် ခြင်း မရှိစေရန် လူထောင်ပေါင်းများစွာက ၎င်းတို့၏ အသက်ကို ရင်းနှီးပေးဆပ်ထားပြီးဖြစ်သကဲ့သို့ သန်းပေါင်းများစွာသော လူများကလည်း ဆက်လက်တွန်းလှန်နေကြဆဲပင် ဖြစ်သည်။ အမှန်တကယ်တွင် မြန်မာပြည်သူများအနေဖြင့် နိုင်ငံရေးစနစ်သစ်များဖြင့် နိုင်ငံကို ပြန်လည်တည်ဆောက်ရေး မျှော်ရည်လျက် ရှေ့သို့ချီတက်နေကြခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေအနေ သို့မဟုတ် အခြားဆွေးမြေ့ပျက်စီးနေသော နိုင်ငံရေးစနစ်များကို ဖက်တွယ်ထားသည့် မည်သည့်ချဉ်းကပ်မှုမျိုးကိုမဆို လုံးဝပစ်ပယ်ရမည် ဖြစ်သည်။

မြန်မာနိုင်ငံနှင့် အများဆုံးဆက်စပ်နေသည့် ထိုင်းနိုင်ငံအနေဖြင့် အိမ်နီးချင်းမြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ရပ်မှန်အခြေအနေကို ပိုမိုနားလည်အောင် ကြိုးပမ်းပြီး ၎င်း၏ မူဝါဒများကို ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရမည်ဖြစ်သည်။ မိမိတို့အနေဖြင့် ဖြစ်ပေါ်လာမည့် ထိုင်းအစိုးရသစ်အား အစိုးရအဖွဲ့ဟောင်း၏ မအောင်မြင်သော ချဉ်းကပ်မှုကို မြန်မာပြည်သူများ၏ သဘောဆန္ဒနှင့် ဒီမိုကရေစီစံနှုန်းများကို လေးစားထင်ဟပ်သည့် သစ်လွင်ပြီး အလုပ်ဖြစ်သော ချဉ်းကပ်မှုသစ်တစ်ခု ဖြင့် အစားထိုးရန် အထူးတိုက်တွန်းတောင်းဆိုပါသည်။



# အာဏာသိမ်းမြန်မာစစ်အုပ်စုနှင့် ထိုင်းနိုင်ငံ၏ လတ်တလော အလွတ်သဘော ထိစပ်မှုများ

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ထိုင်းနိုင်ငံက ကမကထပြု ကျင်းပခဲ့သည်။ ၄င်းတို့ အနေဖြင့် မြန်မာစစ်အုပ်စုအား ဘုံသဘောတူညီချက်ငါးရပ်ပါ အချက်များကို အကောင်အထည်ဖော်မှု မပြုမချင်း ထိတွေ့ဆက်ဆံခြင်းမပြုရန် ဆိုသည့် အာဆီယံ၏ သဘောတူညီချက်ကို ချိုးဖောက်ပြီး မြန်မာစစ်အုပ်စု၏ ကိုယ်စားလှယ်များကို အစည်းအဝေးသို့ ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ မတ်လတွင် Track 1.5 အမည်ခံ အလွတ်သဘောဆွေးနွေးပွဲသို့ မြန်မာစစ်အုပ်စုကို ထပ်မံဖိတ်ကြားခဲ့ပြန်သည်။ ထိုဆွေးနွေးပွဲသို့ တရုတ်၊ ဂျပန်၊ လာအို၊ ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြသည်။ ယင်းဆွေးနွေးပွဲ၏ နောက်ဆက်တွဲ ဆွေးနွေးပွဲကို နောက်လတွင် အိန္ဒိယက အိမ်ရှင်အဖြစ် လက်ခံပြုလုပ်ခဲ့ပြီး ထိုင်းနိုင်ငံက တက်ကြွစွာပါဝင်ခဲ့ပြန်သည်။

အနီးဆုံးအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်၊ အိန္ဒိယကဲ့သို့သော ဒေသတွင်း အင်အားကြီးနိုင်ငံများကို ဖိတ်ခေါ်ပြီး နောက်ထပ် အလွတ်သဘော အစည်းအဝေးတစ်ရပ်ကို ထိုင်းနိုင်ငံက ကမကထပြုခဲ့ပြန်သည်။ အစည်းအဝေးဖိတ်စာတွင် ထိုင်းနိုင်ငံ အိမ်စောင့် အစိုးရ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဒွန် ပရာမူဒွင်နိုင်းက အာဆီယံ၏ သဘောတူညီချက်နှင့် ထင်ရှားစွာ ဆန့်ကျင်လျက်ပင် မြန်မာစစ်အုပ်စုနှင့် “အပြည့်အဝ ပြန်လည်ထိတွေ့ဆက်ဆံရန်” ဟူသည့် ၄င်း၏ ရည်ရွယ်ချက်ကို ဖော်ပြထား သည်။ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ စသည့် အဓိကကျသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများက အစည်းအဝေးသို့ တက်ရောက်ရန် ငြင်းပယ်ခဲ့ကြပြီး အာဆီယံသဘောတူညီချက်ကို ထိုင်းနိုင်ငံက ချိုးဖောက်နေခြင်းနှင့် အလှည့်ကျ ဥက္ကဋ္ဌ ဖြစ်သည့် အင်ဒိုနီးရှား၏ လုပ်ပိုင်ခွင့်ကို ပစ်ပယ်ခြင်းအပေါ် လူသိရှင်ကြား ဝေဖန်ခဲ့ကြသည်။ ထိုသို့ တစ်နိုင်ငံတည်း သဘောဖြင့် လုပ်ဆောင်နေခြင်းအားဖြင့် ထိုင်းနိုင်ငံသည် ဒေသတွင်း အစုအဖွဲ့ ဖြစ်သည့် အာဆီယံ၏ အားလုံးသဘောမျှမှုနှင့် လုပ်ပိုင်ခွင့်ကို မြင့်တင်ခိုင်မာစေရမည့် အစား အတွင်းသဘောထားကွဲလွဲမှုများသာ မျိုးစေ့ချပေါ်ပေါက်စေလျက် ရှိသည်။



# ဖြစ်ရပ်များပြ အချိန်ဇယား

## ၂၂ ဒီဇင်ဘာ ၂၀၂၂



အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောဆွေးနွေးပွဲကို ထိုင်းနိုင်ငံက စီစဉ်ပြုလုပ်ခဲ့ပြီး အာဏာသိမ်းမြန်မာစစ်အုပ်စု၏ နိုင်ငံခြားရေးဝန်ကြီးကို ဖိတ်ကြားခဲ့။

## ၁၃ ဇန်နဝါရီ ၂၀၂၃



ထိုင်းဝန်ကြီးချုပ် ပရာယွတ်နှင့် ဒုဝန်ကြီးချုပ်/နိုင်ငံခြားရေးဝန်ကြီး တို့က မြန်မာ့အရေးဆိုင်ရာ ဂျပန်အထူးကိုယ်စားလှယ် ဆာဆာကာဝါကို သီးခြားစီ လက်ခံတွေ့ဆုံခဲ့။

## မတ်လ ၂၀၂၃



Track 1.5 အမည်ခံ မြန်မာ့အရေး အလွတ်သဘောဆွေးနွေးပွဲကို ထိုင်းနိုင်ငံက ကမကထပြုပြီး မြန်မာစစ်အုပ်စု၏ နိုင်ငံခြားရေးဝန်ကြီး၊ အာဆီယံနိုင်ငံအချို့နှင့် အိန္ဒိယ၊ တရုတ်၊ ဂျပန်နှင့် ဘင်္ဂလားဒေ့ရှ် တို့မှ ကိုယ်စားလှယ်များနှင့် ပြုလုပ်ခဲ့။

## ၂၅ ဧပြီ ၂၀၂၃



နယူးဒေလီတွင် ပြုလုပ်သည့် ဒုတိယအကြိမ် မြန်မာအရေး Track 1.5 ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံကပါဝင်တက်ရောက်ခဲ့။

## ၁၉ ဇွန် ၂၀၂၃



ထိုင်းနိုင်ငံက တတိယအကြိမ် မြန်မာ့အရေး Track 1.5 အစည်းအဝေးကို ကမကထပြု ကျင်းပပြီး မြန်မာစစ်အုပ်စုကို ဖိတ်ကြားခဲ့။

# တရားဝင် ခရီးစဉ်များနှင့် သံတမန်ရေးရာ ဖြစ်ရပ်များ

၂၀၂၁ ခုနှစ်၊ ဧပြီလတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် ဒုဝန်ကြီးချုပ်ဖြစ်သူ ဒွန် ပရာမူဒွင်နိုင်း နေပြည်တော်သို့ လာရောက်ပြီး စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့သည်။ ယင်းခရီးစဉ်သည် အာဏာသိမ်းမှုနောက်ပိုင်း အမြင့်ဆုံးတရားဝင်ခရီးစဉ်ဖြစ်သည်။ အဆိုပါ ခရီးစဉ်ဖြင့် လာရောက်တွေ့ဆုံချိန်သည် စစ်တပ်က မြန်မာပြည်အလယ်ပိုင်းဒေသတစ်ခုမှ ရပ်ရွာတွေ့ဆုံပွဲတစ်ရပ်ကို လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းကြောင့် လက်နက်မဲ့ အရပ်သားအများစုနှင့် ကလေးငယ်များ အပါအဝင် အနည်းဆုံး လူ ၁၆၈ ဦး သေဆုံးစေခဲ့သော ပဇီကြီးဖြစ်ရပ် ဖြစ်ပွားအပြီး ဆယ်ရက်သာကြာရှိသေးချိန်ဖြစ်သည်။ အဆိုပါတွေ့ဆုံမှုသည် ဒီမိုကရေစီအရေး ကြိုးပမ်းနေကြသည့် အစုအဖွဲ့များနှင့် မြန်မာပြည်သူများ၏ ကျယ်လောင်ရှင်းလင်းသည့် တောင်းဆိုချက်ဖြစ်သော နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ အပါအဝင် မြန်မာပြည်ရှိ ဒီမိုကရက်တစ်အင်အားစုများနှင့် အလုပ်လုပ်ရန်နှင့် အာဏာသိမ်းစစ်အုပ်စုအားနိုင်ငံရေးအရ တရားဝင်ကြောင်း အသိအမှတ်မပြုရန် စသည့် အချက်များကို အရေးမစိုက်ကြောင်း ပြသခဲ့ခြင်းပင်ဖြစ်သည်။ ဖြစ်ရပ်ဆိုးအတွက် မြန်မာပြည်သူများ ဝမ်းနည်းပူဆွေးနေကြချိန်တွင်ပင် ထိုကဲ့သို့သော ဆိုးရွားလှသည့် ရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်ထားသူများနှင့် လက်ဆွဲနှုတ်ဆက်ခြင်းသည် ယုတ်မာခြင်း၊ အကျိုးစီးပွားကိုသာကြည့်ခြင်းနှင့် ထိုင်းနိုင်ငံ၏ ဒီမိုကရေစီ စံတန်ဖိုးများကို ပစ်ပယ်ခြင်းဟု ယူဆရမည် ဖြစ်သည်။ ဤကဲ့သို့ ခံစားသိမြင်မှုကင်းမဲ့ခြင်းကို ကြည့်ခြင်းအားဖြင့် မိုခါဆိုင်ကလုန်းဒဏ်သင့် ပြည်သူများအတွက် လှူဒါန်းခြင်းကဲ့သို့သော ထိုင်းနိုင်ငံ၏ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဆောင်မှုများသည် သံတမန်ရေးအရ ဟန်ပြလုပ်ဆောင်မှုများ သက်သက်သာဖြစ်ကြောင်း ပေါ်လွင်စေပြီး ထိုင်းနိုင်ငံ၏ မိတ်ကောင်းဆွေကောင်းဖြစ်မှုအပေါ် မြန်မာပြည်သူများ၏ ယုံကြည်မှုကို ပျက်ပြားစေသည်။

# ထိုင်းအစိုးရ၏ အာဏာသိမ်းမြန်မာစစ်အုပ်စုနှင့် သံတမန်ရေးရာထိတွေ့မှုများဆိုင်ရာ အချိန်ပြဇယား

## ၂၉ မေ ၂၀၂၂

ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ၎င်း၏ အကြံပေးဖြစ်သူ Pornpimol Kanchanalak ကို မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် အဖြစ် ခန့်အပ်။



## ၄ ဇူလိုင် ၂၀၂၂

မြန်မာစစ်အုပ်စု၏ နိုင်ငံခြားရေးဝန်ကြီးဌာနက အိမ်ရှင်အဖြစ် ပြုလုပ်သည့် (၇) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ထိုင်းနိုင်ငံခြားရေးဝန်ကြီး တက်ရောက်။






## ၂၁ မေ ၂၀၂၃

ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် ဒုဝန်ကြီးချုပ်ဖြစ်သူ ဒွန်ပရာမူဒွင်နိုင်း မြန်မာစစ်အုပ်စုခေါင်းဆောင်နှင့် နေပြည်တော်တွင် တွေ့ဆုံ။






## ၂၁ မေ ၂၀၂၃

ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးနှင့် မြန်မာပြည်ဆိုင်ရာ ထိုင်းအထူးကိုယ်စားလှယ်ဖြစ်သူ Pornpimol Kanchanalak မြန်မာစစ်အုပ်စု၏ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးနှင့် တွေ့ဆုံ



# မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်သစ် ၏ လုပ်ဆောင်ချက်များ

၂၀၂၂ ခုနှစ်ကုန်ပိုင်းတွင် Mr. Mongkol Visitstump သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်သစ်အဖြစ် ခန့်အပ်ခြင်း ခံရသည်။ ယူအက်စ်နှင့် ယူကေကဲ့သို့သော ဒီမိုကရေစီအင်အားကြီးနိုင်ငံများက ၎င်းတို့၏ သံအမတ်များကို ပြန်လည်ရုတ်သိမ်းပြီး သံရုံးယာယီတာဝန်ခံများ အစားထိုးခန့်အပ်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ၎င်းတို့၏ သံတမန်အဆင့်ကို လျှော့ချနေချိန်တွင် ထိုင်းနိုင်ငံကမူ မြန်မာစစ်အုပ်စုနှင့် ၎င်းတို့၏ ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းတိုးမြှင့်ရန်သာ လုပ်ဆောင်နေခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ထိုင်း သံအမတ်သစ်က ၎င်း၏ ခန့်အပ်လွှာကို စစ်အုပ်စုခေါင်းဆောင်ထံ ပေးအပ်ခဲ့သည်။ သံအမတ်သစ်အနေဖြင့် ၎င်း၏ သံအမတ်တာဝန်စတင်ထမ်းဆောင်ချိန် ပထမသုံးလအတွင်းတွင် စစ်အုပ်စု၏ ဒုတိယခေါင်းဆောင်၊ အနည်းဆုံး စစ်အုပ်စုခန့် ဝန်ကြီးဆယ်ဦး၊ ဗဟိုဘဏ်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခဲ့သည်။ ဤမှတ်တမ်းများက ၎င်း ကိုယ်တိုင်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၏ မြန်မာစစ်အုပ်စုနှင့် ပုံမှန်ထက်ပိုသော ဆက်ဆံရေးထားရှိပုံနှင့် စစ်တပ်၏ အသက်သွေးကြောသဖွယ်ဖြစ်သော စီးပွားရေးလုပ်ငန်းများကို သပိတ်မှောက်ရန်နှင့် ပိတ်ဆို့ အရေးယူရန် တောင်းဆိုမှုများကြားမှပင် မြန်မာစစ်အုပ်စုနှင့် ကဏ္ဍအားလုံးနီးပါးတွင် လက်တွဲအလုပ်လုပ်ရန် စိတ်အားထက်သန်လျက်ရှိမှုကို ဖော်ပြနေသည်။

# ထိုင်းသံအမတ်သစ်၏ လုပ်ဆောင်ချက်များပြ အချိန်ဇယား



| | |
|---|---|
| ၇ ဒီဇင်ဘာ ၂၀၂၂ | ထိုင်းသံအမတ်သစ် Mongkol Visitstump က ၎င်း၏ ခန့်အပ်လွှာကို စစ်အုပ်စုခေါင်းဆောင်ထံ ပေးအပ်။ |
| ၇ ဒီဇင်ဘာ ၂၀၂၂ | ထိုင်းသံအမတ်သစ် စစ်အုပ်စု ဒုတိယခေါင်းဆောင်နှင့် တွေ့ဆုံ။ |
| ၇ ဒီဇင်ဘာ ၂၀၂၂ | ထိုင်းသံအမတ်သစ် စစ်အုပ်စု၏ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံ။ |
| ၈ ဒီဇင်ဘာ ၂၀၂၂ | ထိုင်းသံအမတ်သစ် စစ်အုပ်စု၏ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် တွေ့ဆုံ။ |
| ၈ ဒီဇင်ဘာ ၂၀၂၂ | ထိုင်းသံအမတ်သစ် စစ်အုပ်စု၏ ပြည်ထဲရေးဝန်ကြီးနှင့် တွေ့ဆုံ။ |
| ၅ ဇန်နဝါရီ ၂၀၂၃ | ထိုင်းသံအမတ် စစ်အုပ်စု၏ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံ။ |
| ၅ ဇန်နဝါရီ ၂၀၂၃ | ထိုင်းသံအမတ် စစ်အုပ်စု၏ ခရီးသွားလုပ်ငန်းဝန်ကြီးနှင့် တွေ့ဆုံ။ |
| ၆ ဇန်နဝါရီ ၂၀၂၃ | ထိုင်းသံအမတ် စစ်အုပ်စု၏ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် တွေ့ဆုံ။ |
| ၁၈ ဇန်နဝါရီ ၂၀၂၃ | ထိုင်းသံအမတ် စစ်အုပ်စု၏ နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာဝန်ကြီးနှင့် တွေ့ဆုံ။ |
| ၁၉ ဇန်နဝါရီ ၂၀၂၃ | ထိုင်းသံအမတ် စစ်အုပ်စု၏ စီးပွားရေးဝန်ကြီးနှင့် တွေ့ဆုံ။ |
| ၁၄ ဖေဖော်ဝါရီ ၂၀၂၃ | ထိုင်းသံအမတ် စစ်အုပ်စု၏ ကျန်းမာရေးဝန်ကြီးနှင့် တွေ့ဆုံ။ |
| ၁၅ ဖေဖော်ဝါရီ ၂၀၂၃ | ထိုင်းသံအမတ် စစ်အုပ်စု၏ နိုင်ငံခြားရေးဝန်ကြီးသစ်နှင့် တွေ့ဆုံ။ |
| ၁၅ ဖေဖော်ဝါရီ ၂၀၂၃ | ထိုင်းသံအမတ် စစ်အုပ်စု၏ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံ။ |
| ၅ မေ ၂၀၂၃ | မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် ၇၅ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားအဖြစ် ထိုင်းသံအမတ်က ဆုန်ခရန်ပွဲ ညှော်ခံပြုလုပ်။ |

ထိုင်းစစ်တပ်၏ တတိယမြောက် အကြီးအကဲဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီး Apichet Suesat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် နေပြည်တော်သို့ လာရောက်ပြီး စစ်အုပ်စုခေါင်းဆောင်နှင့် တွေ့ဆုံခဲ့သည်။ အဆိုပါ တွေ့ဆုံမှုသည် ဇွန်လ ၂၇ ရက်မှ ၂၉ ရက်နေ့အထိ တောင်ကြီးမြို့တွင် မြန်မာစစ်အုပ်စုက အိမ်ရှင်အဖြစ် ပြုလုပ်ခဲ့သည့် ၃၄ ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အ စည်းအဝေးအပြီး နေပြည်တော်သို့ လာရောက်တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။ အဆိုပါတွေ့ဆုံမှုအတွင်း ထိုင်းစစ်တပ်ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာစစ်အုပ်စုတို့အနေဖြင့် စစ်တပ်နှစ်ခုကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ထို့နောက် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလနှောင်းပိုင်းတွင် ထိုင်းစစ်တပ်အကြီး အကဲနှင့် အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်ပြီး မြန်မာစစ်အုပ်စုက အိမ်ရှင်အဖြစ် လက်ခံပြုလုပ်သည့် (၈) ကြိမ်မြောက် မြန်မာ-ထိုင်း စစ်တပ်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို တက်ရောက်ခဲ့သည်။

ထိုင်းနှင့် မြန်မာ စစ်တပ်များအနေဖြင့် ၄င်းတို့အကြား နီးကပ်သည့်ဆက်ဆံရေးကို လွန်ခဲ့သည့် ဆယ်စုနှစ်များတည်းက တည်ဆောက်ထိန်းသိမ်းထားခဲ့သည်။  အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက် မြန်မာစစ်ခေါင်းဆောင်များနှင့် အဓိကလူပုဂ္ဂိုလ်များမှာ အနောက်တိုင်းဒီမိုကရေစီနိုင်ငံအချို့၏ ပိတ်ဆို့အရေးယူမှုကို ခံရသောကြောင့် မြန်မာစစ်တပ်အနေဖြင့် တရုတ်၊ ရုရှားနှင့် အခြားမိတ်ဖက်များနှင့် ပိုမိုနီးကပ်သော ပတ်သက်ဆက်စပ်မှု ရရှိအောင် ကြိုးစားခဲ့သည်။ ၄င်းတို့၏ မိတ်ဖက်စစ်တပ်များက မြန်မာစစ်တပ်အား လက်နက်ကိရိယာ၊ သင်တန်းနှင့် နည်းပညာစသည်အားဖြင့် ကူညီတပ်ဆင်ပေးနေပြီး မြန်မာပြည်သူများအပေါ် ဖိနှိပ်မှုများ လုပ်ဆောင်ရန် အထောက်အကူပေးလျက် ရှိသည်။ တော်ဝင်ထိုင်းတပ်မတော်အနေဖြင့်လည်း အထူးသဖြင့် ၄င်းတို့၏ နယ်စပ်တစ်လျှောက်တွင် ဖြစ်ပေါ်နေသော အကြမ်းဖက်မှုများအား မသိကျိုးကျွံပြုထားပေးခြင်းဖြင့် မြန်မာစစ်တပ်အား အထောက်အကူပေးနေခဲ့သည်။

မြန်မာစစ်တပ်အနေဖြင့် လူထု၏ ခုခံတော်လှန်ရေးကို တိုက်ဖျက်ရာတွင် အင်အားအဆမတန် အသုံးပြုနေခဲ့သည်။ ထိုအထဲတွင် ကျေးလက်လူနေရွာများနှင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ မြို့များကို လေကြောင်းမှ တိုက်ခိုက်ခြင်းလည်း ပါဝင်သည်။ ထိုင်းနိုင်ငံ အနောက်ပိုင်းပြည်နယ်များဖြစ်သည့် တာ့ခ် နှင့် မယ်ဟောင်ဆောင်တို့နှင့် နယ်နိမိတ်ချင်း ဆက်စက်နေသည့် ကရင်နှင့် ကရင်နီ/ကယားပြည်နယ်တို့ရှိ ကျေးရွာများသည် လေကြောင်းတိုက်ခိုက်မှုပြင်းထန်စွာခံရသော ဒေသများတွင် အပါအဝင်ဖြစ်သည်။ ထိုင်းနိုင်ငံအနေဖြင့် ၄င်း၏ နယ်စပ်အနီးတွင် မြန်မာစစ်တပ်က လေကြောင်းတိုက်ခိုက်မှုများ မကြာခဏလုပ်ဆောင်ခြင်းကို ကာကွယ်ရေးအမြင်ဖြင့် တုန့်ပြန်ခဲ့ခြင်းမရှိခဲ့သည်ကို တွေ့ရသည်။ သိသာထင်ရှားသော ဖြစ်ရပ်တစ်ခုအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် တာ့ခ်ပြည်နယ်၊ ဖော့ဖရာ့ခရိုင်အပေါ် ထိုင်းလေပိုင်နက်အတွင်းသို့ မြန်မာစစ်တပ်ဂျက်လေယာဉ်တစ်စီး ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။ ယင်းဖြစ်ရပ်သည် မြန်မာပြည်၏ ကရင်ပြည်နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် တာ့ခ်ပြည်နယ်အတွင်းမှ ဒေသခံပြည်သူများအပေါ် တိုက်ရိုက်အန္တရာယ်ရှိသည့် အခြေအနေဖြစ်သည်။  ထိုင်းစစ်တပ်အနေဖြင့် အဆိုပါဖြစ်ရပ်အပေါ် တုံ့ပြန်မှုမရှိခဲ့ခြင်းက ၄င်းတို့၏ မြန်မာစစ်ခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဖော်ပြနေသည်။ သို့ရာတွင် ရွေးကောက်ပွဲအနိုင်ရ ရှေ့သို့ချီ ပါတီခေါင်းဆောင် Pita Limjaroenrat က ၄င်း၏ ပါတီအနေဖြင့် မြန်မာပြည်အရေး မူဝါဒသစ် ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ကြောင်း ပြောကြားအပြီးတွင်မူ မြန်မာစစ်တပ်က ထိုင်းနယ်စပ်ရှိ ၄င်းတို့၏ တပ်ဖွဲ့များကို တပ်လှန့်ခဲ့ခြင်းဖြင့် ၄င်းတို့၏ မိတ်ဖက်ဖြစ်သော ထိုင်းနိုင်ငံအပေါ်တွင်ပင် ထားရှိသည့် ရန်လိုမှုကို မဖုံးမဖိနိုင်ဘဲ ဖော်ပြခဲ့သည်။

## ထိုင်းမြန်မာ စစ်တပ်နှစ်ခုကြား

# ဆက်ဆံရေး



# မြန်မာနှင့်ထိုင်း စစ်တပ်နှစ်ခုကြား ဆက်ဆံရေးဆိုင်ရာ ဖြစ်ရပ်များပြ အချိန်ဇယား



**၂၃ မေလ ၂၀၂၃**

ရွေးကောက်ပွဲအနိုင်ရ ရှေ့သို့ချီပါတီ ခေါင်းဆောင်က ၎င်းတို့၏ မြန်မာ့အရေး မူဝါဒသစ်အကြောင်း ဖော်ထုတ်ပြောဆို အပြီး မြန်မာစစ်တပ်က ထိုင်းနယ်စပ်ရှိ ၎င်းတို့တပ်ဖွဲ့များကို တပ်လှန့်ခဲ့။

**၂၀ ဇန်နဝါရီ ၂၀၂၃**

မြန်မာစစ်တပ်က အိမ်ရှင်အဖြစ် ပြုလုပ်သည့် (၈) ကြိမ်မြောက် မြန်မာ-ထိုင်း စစ်တပ်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ထိုင်းစစ်တပ် အကြီးအကဲနှင့် အဖွဲ့ တက်ရောက်။





**၂၉ ဇွန် ၂၀၂၂**

ထိုင်းစစ်တပ်၏ တတိယမြောက် အကြီးအကဲဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီး Apichet Suesat နှင့် အဖွဲ့ နေပြည်တော်သို့ လာရောက်ပြီး စစ်အုပ်စုခေါင်းဆောင်နှင့် တွေ့ဆုံခဲ့။

**၂၇-၂၉ ဇွန် ၂၀၂၂**

မြန်မာစစ်အုပ်စုက အိမ်ရှင်အဖြစ် ပြုလုပ်ခဲ့သည့် ၃၄ ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးသို့ ထိုင်းစစ်တပ် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်



# အကြံပြုချက် နှင့် တိုက်တွန်းချက်များ

ထိုင်းနိုင်ငံ၏ စစ်တပ်ကျောထောက်နောက်ခံပြု အစိုးရအဖွဲ့ဟောင်းသည် ၂၀၂၃ ခုနှစ်၊ မေလ ရွေးကောက်ပွဲတွင် ပြတ်ပြတ်သားသား ဖြုတ်ချခံခဲ့ရပြီး ဖြစ်သည်။ ၎င်းတို့၏ ပွင့်လင်းမှုမရှိ၊ ဒီမိုကရေစီနည်းမကျ၊ ထိရောက်မှုမရှိသည့် မြန်မာ့အရေးမူဝါဒများသည် ၎င်းတို့နှင့်အတူ နိဂုံးချုပ်သွားရမည် ဖြစ်သည်။ ထိုင်းအစိုးရသစ်အနေဖြင့် ရှေ့အစိုးရအဖွဲ့၏ လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်ခဲ့သော ထိခိုက်မှုများကို ပြန်လည်ပယ်ဖျက်ရမည် ဖြစ်ပြီး ထိုင်းနိုင်ငံ၏ ကိုယ်ပိုင် ဒီမိုကရေစီစံတန်ဖိုးများ၊ နိုင်ငံတကာဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော မြန်မာ့အရေး မူဝါဒသစ်ကို ဖော်ထုတ်ကျင့်သုံးရမည် ဖြစ်သည်။ ချက်ချင်းလုပ်ဆောင်ရမည့် တောင်းဆိုချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။


၁

အာဏာသိမ်းမြန်မာစစ်အုပ်စု ကိုယ်စားလှယ်များ ပါဝင်သည့် မည်သည့် ဆွေးနွေးမှုများကိုမဆို ပယ်ဖျက်ရန်။



၂

သံတမန်ရေးအရ ထိတွေ့ဆက်ဆံခြင်းဖြင့် တရားမဝင် မြန်မာစစ်အုပ်စုအား ထောက်ကူအားပေးနေခြင်းကို ရပ်တန့်ပြီး အမျိုးသားညီညွတ်ရေးအစိုးရနှင့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီတို့ အပါအဝင် မြန်မာဒီမိုကရက်တစ်အင်အားစုများနှင့် လက်တွဲလုပ်ဆောင်ရန်။



၃

ထိုင်းနိုင်ငံအတွင်းရှိ သိန်းပေါင်းများစွာသော ဒုက္ခသည်များအပါအဝင် မြန်မာပြည်သူများအား အထောက်အကူပေးခြင်းနှင့် အကာအကွယ်ပေးခြင်း တို့ကို ဦးတည်သည့် မူဝါဒများ ချမှတ်ရန်။



# စစ်အာဏာရှင်အချင်းချင်း
# အသင်းအပင်းပြုခြင်း

မြန်မာစစ်တပ်ကိုထောက်ကူပေးနေသည့်
ထိုင်းစစ်အုပ်စု



Thailand for Burma
မြန်မာပြည်သူများအတွက် ထိုင်းပြည်သူများ
မှထုတ်ဝေသည်။